ပြည်ထောင်စု
ဝန်ကြီးရုံး

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
# နေပြည်တော်

MONREC

Elite Petrochemical Co.,Ltd မှ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ သီလဝါဆိပ်ကမ်းဒေသ၊ အကွက်အမှတ် (၁၅+ ၁၆) A/B တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသော ရေနံဓာတုသိုလှောင်တင်ပို့ခြင်းနှင့် ရောင်းချခြင်းစီမံကိန်းအတွက် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP)၏

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်
## (Environmental Compliance Certificate-ECC)

ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်
## (Environmental Compliance Certificate – ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၅၁၈ ) ရက်စွဲ။ ၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ(က)တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ(ခ)ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC)ကို ထုတ်ပေးလိုက်သည်–

| | | |
|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | – ဒေါ်ခင်နှင်းသန္တာ<br>ဒါရိုက်တာ |
| (ခ) | **ဆက်သွယ်ရန် လိပ်စာ** | – Elite Petrochemical Co.,Ltd<br>ပုလဲကွန်ဒို(စီ)၊ ဒုတိယလွှာ၊ ကမ္ဘာအေးဘုရားလမ်း၊<br>ရန်ကုန်မြို့၊ ၀၉-၉၇၇၇၂၂၂၂၂ |
| (ဂ) | **စီမံကိန်းအမျိုးအစား** | – ရေနံဓာတုသိုလှောင်တင်ပို့ခြင်းနှင့် ရောင်းချခြင်း စီမံကိန်း |
| (ဃ) | **စီမံကိန်းကာလ** | – အခွင့်အမိန့်ရအဖွဲ့အစည်းကခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | – (၂၅.၂၃)ဧက |
| (စ) | **စီမံကိန်းတည်နေရာ** | – ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ သီလဝါဆိပ်ကမ်းဒေသ၊ အကွက်အမှတ် (၁၅+ ၁၆) A/B |
| (ဆ) | **ECC သက်တမ်း** | – (၅)နှစ်<br>စတင်ထုတ်ပေးရက် – ၂၄-၈-၂၀၂၃<br>သက်တမ်းကုန်ဆုံးရက် – ၂၃-၈-၂၀၂၈ |
| (ဇ) | **အတည်ပြုအစီရင်ခံစာ** | – Elite Petrochemical Co.,Ltd ၏ ၂၃-၃-၂၀၂၃ ရက်စွဲပါတင်ပြစာ |

**စည်းကမ်းချက်များသတ်မှတ်ခြင်း**

၂။ အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ရရှိနိုင်ရေးအတွက် ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် သတ်မှတ်ထားခြင်း ဖြစ်ပါသည်-

(က) ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံးဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ခ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဂ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေး ဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(ဃ) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(င) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်။

(လှမောင်သိန်း)
အမြဲတမ်းအတွင်းဝန်
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

နောက်ဆက်တွဲ(က)

**ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ သီလဝါဆိပ်ကမ်းဒေသ၊ အကွက်အမှတ် (၁၅+ ၁၆) A/B တွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ရေနံဓာတုသိုလှောင်တင်ပို့ခြင်းနှင့် ရောင်းချခြင်းစီမံကိန်း အကြောင်းအရာ**

၁။ Elite Petrochemical Co.,Ltd မှ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ သီလဝါဆိပ်ကမ်းဒေသ၊ အကွက်အမှတ် (၁၅+၁၆) A/B တွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ရေနံဓာတုသိုလှောင်တင်ပို့ခြင်းနှင့်ရောင်းချခြင်းစီမံကိန်းအတွက် Elite Petrochemical Co.,Ltd ၏ ၂၃-၃-၂၀၂၃ ရက်စွဲပါစာဖြင့် တင်ပြခဲ့သည့် အပြီးသတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်သည်။


၂။ **စီမံကိန်းအဆိုပြုသူ။** ဒေါ်ခင်နှင်းသန္တာ၊ Director ၊ Elite Petrochemical Co.,Ltd၊ ပုလဲကွန်ဒို (စီ)၊ ဒုတိယလွှာ၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့၊ ၀၉-၉၇၇၇၂၂၂၂၂ ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** လုပ်ငန်းစဉ်အဆင့်ဆင့်အနေဖြင့် သဘာဝဓာတ်ငွေ့ ထုတ်ကုန်များ ဖြန့်ဖြူးရန်အတွက် ၂၅တန်နှင့် ၁၀တန် ကားအမျိုးအစား နှစ်မျိုးကို အသုံးပြုလျက်ရှိပါသည်။ လောင်စာဆီ(ဒီဇယ်နှင့် ဓာတ်ဆီ) အတွက် ၁၀တန် ထရပ်ကားများဖြင့် သိုလှောင်ပမာဏ၏ ၈၀ ရာခိုင်နှုန်းကို ဖောက်သည်များဆီသို့ ပေးပို့၍ ကျန် ၂၀ ရာခိုင်နှုန်းကို ရေနံတင်သင်္ဘောများဖြင့် မြစ်ကိုဖြတ်၍ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** အသုံးပြုမည့်ကုန်ကြမ်းများမှာ သဘာဓာတ်ငွေ့နှင့်လောင်စာဆီတင်ယာဉ်များ၊ သင်္ဘောများကို အသုံးပြုသွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၅။ **စီမံကိန်းတည်နေရာ။** အကွက်အမှတ်(၁၅+၁၆)A/B၊ သီလဝါဆိပ်ကမ်းဒေသ၊ ကျောက်တန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် တည်ရှိပါသည်။

# Elite Petrochemical Co.,Ltd မှ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ သီလဝါဆိပ်ကမ်းဒေသ၊ အကွက်အမှတ် (၁၅+ ၁၆) A/Bတွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ရေနံဓာတုသိုလှောင်တင်ပို့ခြင်းနှင့် ရောင်းချခြင်းစီမံကိန်း တည်နေရာပြမြေပုံ



**Elite Petrochemical Co.,Ltd မှ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ သီလဝါဆိပ်ကမ်းဒေသ၊ အကွက်အမှတ် (၁၅+ ၁၆) A/Bတွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ရေနံဓာတုသိုလှောင်တင်ပို့ခြင်းနှင့် ရောင်းချခြင်းစီမံကိန်း Layout Plan**



နောက်ဆက်တွဲ(ခ)

**ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ**
**ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ**

၆။ စီမံကိန်းအဆိုပြုသူက Elite Petrochemical Co.,Ltd ၏ ၂၃-၃-၂၀၂၃ ရက်စွဲပါစာဖြင့် တင်ပြလာသည့် အပြီးသတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် အောက်ပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ဥပဒေနှင့်လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ၊ စီမံကိန်းနှင့် သက်ဆိုင်သည့် အခြားမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာ ဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်နည်းစဉ်။** သဘာဝဓာတ်ငွေ့ထုတ်ကုန်များ ဖြန့်ဖြူးရန် အတွက် ၂၅ တန်နှင့် ၁၀ တန် ကားအမျိုးအစား နှစ်မျိုးကို အသုံးပြုလျက်ရှိပါသည်။ လောင်စာဆီ(ဒီဇယ်နှင့်ဓာတ်ဆီ)အတွက် ၁၀တန် ထရပ်ကားများဖြင့် သိုလှောင်ပမာဏ ၏ ၈၀ ရာခိုင်နှုန်းကို ဖောက်သည်များဆီသို့ ပေးပို့၍ ကျန် ၂၀ ရာခိုင်နှုန်းကို ရေနံတင် သင်္ဘောများဖြင့် မြစ်ကိုဖြတ်၍ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း ဖော်ပြထားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်သုံးဆီ/ လောင်စာဆီများ သယ်ယူပို့ဆောင်မည့် ယာဉ်သွားလာရေး လမ်းကြောင်းများကို ရေဖျန်းပေးခြင်း၊ စီမံကိန်း ဧရိယာအတွင်းတွင် ကွန်ကရစ် လမ်းခင်းခြင်းများ ပြုလုပ်ထားရှိရန်၊

(၂) အသုံးပြုသည့် မီးစက်များကို ပုံမှန်ပြုပြင်ထိန်းသိမ်းရန်၊

(၃) စက်သုံးဆီ/လောင်စာဆီ ဖြည့်နေချိန်တွင် စက်များကို ရပ်နားထားခြင်း စသည့် လိုက်နာရမည့် စည်းကမ်းများကို စနစ်တကျ ချမှတ်၍ လိုက်နာစေရန်။

(ဃ) **စွန့်ပစ်ရေစီမံခန့်ခွဲမှု။** စွန့်ပစ်ရေစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ အောက်ပါအတိုင်း လိုက်နာ ဆောင်ရွက်ရမည်-

(၁) လုပ်ငန်းရှင်မှ ရေစီးရေလာကောင်းမွန်စေရန် စီမံကိန်းဧရိယာပတ်လည်အား ပုံမှန် စစ်ဆေးသွားရန်၊

(၂) မိလ္လာကန်များကို စီမံကိန်းအတွင်း လုံလောက်စွာထားရှိ၍ ပုံမှန်စစ်ဆေးသွားရန်၊

(၃) မြေပေါ်ရေ စီးဆင်းမှု ကောင်းမွန်စေရေး ရေနုတ်မြောင်းများကို စနစ်တကျ ဖောက်လုပ် ထားရှိရန်၊

(၄) စွန့်ပစ်ရေစွန့်ထုတ်ရာ၌ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်ပါ သတ်မှတ်တန်ဖိုးများနှင့်အညီ ရှိစေရေး ဆောင်ရွက်သွားရန်။

(င) **ဆူညံသံ၊တုန်ခါမှုစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အသံဆူညံမှု လျော့နည်းစေရေး စက်ပစ္စည်းကိရိယာအားလုံးကို ပုံမှန် ပြုပြင် ထိန်းသိမ်းပြီး စစ်ဆေးသွားရန်၊

(၂) မော်တော်ယာဉ်များအား သတ်မှတ်နှုန်းထားများဖြင့် မောင်းနှင်စေရေး စီမံကိန်း ဧရိယာတွင် အရှိန်သတ်မှတ် ထားရှိရန်။

(စ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းဧရိယာအတွင်း အမှိုက်ပုံးများ ထားရှိသွားရန်၊

(၂) သတ်မှတ်ထားသော နေရာတွင် အမှိုက်စို၊ အမှိုက်ခြောက်များကို ခွဲခြားစွန့်ပစ် သွားရန်၊

(၃) ဆီကန်၊ မိလ္လာကန်များကို ပုံမှန်စစ်ဆေးခြင်း၊ သန့်စင်ခြင်းများ ပြုလုပ်ခြင်းဖြင့် စွန့်ပစ်အရည်များ စိမ့်ဝင်မှုများကို လျော့ကျအောင် ပြုလုပ်သွားရန်၊

(၄) ပုံးခွံများကို စနစ်တကျ ပြန်လည်အသုံးပြုခြင်း (သို့မဟုတ်) စွန့်ပစ်ခြင်းများ ကို လုပ်ဆောင်သွားရန်၊

(၅) စွန့်ပစ်ပစ္စည်းများ စွန့်ပစ်ရာတွင် မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ချိတ်ဆက်၍ ဆောင်ရွက်ရန်။

(ဆ) **ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာ ဆောင်ရွက်ရမည်-

(၁) ဝန်ထမ်းများအား အန္တရာယ်ရှိသောပစ္စည်းများ ကိုင်တွယ်အသုံးပြုရာတွင် Personal Protective Equiment-PPE များ ဝတ်ဆင်ဆောင်ရွက်ရန်၊

(၂) ဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် စောင့်ရှောက်မှုများကို ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(၃) လျှပ်စစ်အန္တရာယ်များ ထိခိုက်မှု မရှိစေရန် လျှပ်စစ်ပစ္စည်းများကို စနစ်တကျ ကိုင်တွယ်ခြင်းနှင့် ပုံမှန်စစ်ဆေး ပြုပြင်ခြင်းများ လုပ်ဆောင်သွားရန်၊

(၄) ဝန်ထမ်းများအား လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သင်တန်းများ သင်ကြားပေးရန်။

(ဇ) **အရေးပေါ်အခြေအနေတုံ့ပြန်ရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းခွင်အတွင်း မီးသတ်ဆေးဘူးများ၊ ရေသိုလှောင်ကန်များ ထားရှိခြင်းနှင့် မီးဘေးအန္တရာယ်နှင့်ပတ်သက်သည့် သတိပေးဆိုင်းဘုတ်များ ထားရှိရန်၊

(၂) မီးသတ်ဦးစီးဌာန၊ အစိုးရဌာနစသည့် အရေးပေါ်ဆက်သွယ်ရမည့် ဖုန်းနံပါတ်များအား လုပ်ငန်းဧရိယာအတွင်းတွင် ထားရှိရန်၊

(၃) အရေးပေါ်အခြေအနေတုံ့ပြန်ရေး အစီအစဉ်အား အကောင်အထည်ဖော်ရန် အဖွဲ့များ ဖွဲ့စည်း၍ ဆောင်ရွက်ထားရှိရန်။

(ဈ) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ လုပ်ငန်းဧရိယာအတွင်း Temperature, Relative Humidity, $PM_{10}$ , $PM_{2.5}$, $SO_2$, $CO_2$, CO, $NO_2$, VOC တို့ကို တစ်နှစ်လျှင်တစ်ကြိမ် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ စောင့်ကြပ်ကြည့်ရှုရန်၊

(၂) စီမံကိန်းအတွင်း ဆူညံသံအား တစ်နှစ်လျှင်တစ်ကြိမ် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ နှိုင်းယှဉ် စောင့်ကြပ်ကြည့်ရှုရန်၊

(၃) စွန့်ပစ်ရေအရည်အသွေးနှင့်ပတ်သက်၍ ရေဆိုးစွန့်ထုတ်သည့် နေရာတွင် Temperature, pH, COD, BOD, Total Dissolved Solid, Total Suspended Solids, Total Phosphorus, $N_2$ တို့ကို တစ်နှစ်လျှင်တစ်ကြိမ် အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ စောင့်ကြပ်ကြည့်ရှုရန်။

(ည) **တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ် တို့အတွက် အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(ဋ) **အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း။** ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်းကို စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေစဉ်အတွင်း စီမံကိန်းအနီးဝန်းကျင်ရှိ

ဒေသခံများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့ဆန္ဒနှင့် သဘောထား များကို ညှိနှိုင်းဆောင်ရွက်ရမည်။

(ဌ) **လျာထားအသုံးစရိတ်။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် အသုံးပြုမည့် လျာထားအသုံးစရိတ်အား အောက်ပါကတိကဝတ်အတိုင်း ဆောင်ရွက်ရန်နှင့် လိုလောက်မှု မရှိပါက ထပ်မံဖြည့်တင်း ဆောင်ရွက်ရမည်-

(၁) မြေထုစီမံခန့်ခွဲမှုအတွက် နှစ်စဉ် ငွေကျပ် (၁၄) သိန်းခန့် လျာထား သုံးစွဲရန်၊

(၂) လေအရည်အသွေးစီမံခန့်ခွဲမှုအတွက် နှစ်စဉ် ငွေကျပ် (၂၀) သိန်းခန့် လျာထား သုံးစွဲရန်၊

(၃) ဆူညံသံစီမံခန့်ခွဲမှုအတွက် နှစ်စဉ် ငွေကျပ် (၂၀) သိန်းခန့် လျာထား သုံးစွဲရန်၊

(၄) ရေအရည်အသွေးစီမံခန့်ခွဲမှုအတွက် နှစ်စဉ် ငွေကျပ် (၄၁) သိန်းခန့် လျာထား သုံးစွဲရန်၊

(၅) ပြန်လည်ထူထောင်ရေးနှင့် အပင်များ ပြန်လည်ပြုစုပျိုးထောင်ရေး အစီအစဉ် အနေဖြင့် တစ်နှစ်လျှင် ငွေကျပ် (၆၀)သိန်းခန့် လျာထားသုံးစွဲရန်၊

(၆) ဒေသဖွံ့ဖြိုးရေးအစီအစဉ်အတွက် ငွေကျပ် (၃၀) သိန်းခန့် လျာထားသုံးစွဲရန်၊

(၇) အရေးပေါ်ကယ်ဆယ်ရေးအစီအစဉ်အတွက် နှစ်စဉ် ငွေကျပ် (၇၀) သိန်းခန့် လျာထား သုံးစွဲရန်၊

(၈) ကျန်းမာရေး၊ ပညာရေးအတွက် နှစ်စဉ် ငွေကျပ် (၃၀) သိန်းခန့် လျာထား သုံးစွဲရန်။

(ဍ) **လုပ်ငန်းပိတ်သိမ်းခြင်း အဆင့်သက်ရောက်မှု လျှော့ချမည့်အစီအစဉ်။** လုပ်ငန်း ပိတ်သိမ်းခြင်းကာလတွင် ပတ်ဝန်းကျင်လေထုအရည်အသွေး၊ အနံ့၊ ဆူညံသံနှင့် တုန်ခါမှု၊ ရေအရည်အသွေး၊ မြေအရည်အသွေး၊ စွန့်ပစ်ပစ္စည်း၊ မီးဘေးအန္တရာယ်၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး စသည့် ကိစ္စရပ်များနှင့် ကြွင်းကျန် သက်ရောက်မှု အားလုံးကို စောင့်ကြပ်ကြည့်ရှုရမည်။

**ပတ်ဝန်းကျင်နှင့် လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းသတ်မှတ်ချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၆) တွင် ဖော်ပြထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် စည်းကမ်းချက်များ၊ သတ်မှတ်ချက်များ ကိုလည်း အပြည့်အဝလိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းချက်များ။** အမျိုးသား ပတ်ဝန်းကျင်ရေးရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊

မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈-၂၀၃၀)၊ မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈-၂၀၃၀) တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းအစီအစဉ်နှင့်အညီ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေကြီးခြင်း၊ မြေပြိုခြင်း၊ လျှင်လှုပ်ခြင်း ကဲ့သို့သော ဘေးအန္တရာယ်များအတွက် အစီအမံများရေးဆွဲ၍ ကြိုတင်ပြင်ဆင် ဆောင်ရွက်ရမည်၊

(၂) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများ၊ မိလ္လာအညစ်အကြေးများ၊ ဓာတုဗေဒ စွန့်ပစ်ပစ္စည်းများ၊ စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်ရန်နှင့် လဟာပြင်မီးရှို့မှု ပပျောက်ရေး ဆောင်ရွက်ရမည်၊

(၃) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းစုပုံစွန့်ပစ်ရန် သတ်မှတ်ထားသော နေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရမည်၊

(၄) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်း တို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများ ထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့ မရှိစေရေး လိုက်နာဆောင်ရွက်ရမည်၊

(၅) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံ ထားရှိဆောင်ရွက်ရမည်၊

(၆) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရမည်၊

(၇) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ထွက်ရှိမှု လျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်းထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရမည်၊

(၈) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေ ထားရှိဆောင်ရွက်ရမည်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းသတ်မှတ်ချက်များ။** စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်၊

(၂) ဆူညံသံအတွက် စီမံကိန်း ဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့် နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရမည်၊

(၃) စွန့်ထုတ်အရည်နှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များပါ စက်သုံးဆီအရောင်းဆိုင်လုပ်ငန်းပါ လမ်းညွှန်ချက်အရ အပိုဒ်(၂.၁.၉) ရေနံစိမ်းနှင့် ရေနံထုတ်ကုန်သယ်ပို့သိုလှောင်စခန်း လုပ်ငန်းဆိုင်ရာ စွန့်ထုတ်အရည်အဆင့်သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ဂ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှုအစီအစဉ်နှင့် စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများ မရှိစေရေး ကြပ်မတ်ဆောင်ရွက်ရမည်။

(ဃ) **ကျန်းမာရေးနှင့်လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့် စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းတို့ကို ဆောင်ရွက်ရမည်။

(င) **ဒေသခံများနှင့်တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ ပိတ်သိမ်းခြင်းစသည့် စီမံကိန်းအဆင့်အလိုက် ဒေသခံပြည်သူများသို့ ကြိုတင်အသိပေးရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှု လမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့် ဖြစ်နိုင်သော အနှောက်အယှက်များ၊ ပတ်ဝန်းကျင် သာယာမှုအပေါ် ထိခိုက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင် အသိပေးရန်၊

(၃) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှု ဖြေရှင်းရေးလုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင် အထည်ဖော် ဆောင်ရွက်သွားရန်။

(စ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေး ဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များ ဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှု ဖြစ်ပေါ်စေခဲ့သော သို့မဟုတ် ဖြစ်ပေါ်နေ စေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်း မရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးအပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏ တာဝန်များပျက်ကွက်မှု သို့မဟုတ် အခြား လုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှ ဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့်အသိပေး တင်ပြရမည်။ ပျက်ကွက်မှု တစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု ဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန် လိုအပ်သည့် အကြောင်းကိစ္စရပ် ကို (၂၄) နာရီအတွင်းလည်းကောင်း၊ အခြား အကြောင်းကိစ္စရပ်များ အားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့် အချိန်မှ (၇) ရက် အတွင်းလည်းကောင်း ဝန်ကြီးဌာနသို့ အသိပေး တင်ပြရမည်၊

ပြည်ထောင်စု ဝန်ကြီးရုံး

(၆) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့် အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတို့ကို တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိကပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယ တိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်းဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရမည်၊

(၇) စီမံကိန်းဧရိယာအတွင်းတွင် မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင်နှင့်လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့် လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ် မူတည်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည် တင်ပြရမည်၊

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ တင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာ တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်းအထောက်အထားများ၊

(ခ ခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှု ဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့်အချိန်အထိ တိုးတက်မှု၊

(ဂ ဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူအခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှု ဆောင်ရွက်ချက်များနှင့် ကုစားမှု ပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(င င) လုပ်ငန်းခွင်နှင့်လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စ စ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(ဆ) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ် / မြေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နှင့် သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများ တွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်းဆက်သွယ် သတင်းပို့အကြောင်းကြားရမည်။

(ဇ) **လူမှုတာဝန်သိအစီအစဉ် (CSR) ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့် စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိ သို့မဟုတ် စီမံကိန်းမဆောင်ရွက်မီ ကာလထက် မနိမ့်ကျသော လူမှုစီးပွားရေး တည်ငြိမ်ခိုင်မာမှုရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကြောင်း လုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေး အစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရမည်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (Township Development Plans) များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်၊ စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထား ပေါင်းစပ်ဆောင်ရွက်ရမည်။

(ဈ) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများ သိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာကတိကဝတ်များအား ဖြန့်ဝေအသိပေး ထုတ်ဖော်ကြေညာရမည်။

(ည) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာအခွင့်အမိန့်ရ အဖွဲ့အစည်းထံမှစာဖြင့် ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှု အားလုံးအတွက် စီမံကိန်းနှင့် ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာ ဆောင်ရွက်မှုသက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသော ရလဒ်များကို မှတ်တမ်းတင် ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာ စုဆောင်းရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်း ရလဒ်များ၊ ကိရိယာဖြင့် တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ် အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများ စသည်တို့ ပါဝင်ရမည်။ မှတ်တမ်းများ အားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုး ညီညွတ်စွာဖြင့် အသုံးချနိုင်ရမည်။ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင် ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရန်နှင့် ဝန်ကြီးဌာနမှ စာဖြင့် သီးခြားရေးသားသဘောတူ ထားခြင်းမရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရမည်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့် နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယားနှင့် မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း

စသည်တို့ကိုရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆)လ တစ်ကြိမ်တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့်နေ့ရက်မှ (၁၀) ရက် အတွင်း ထုတ်ဖော်ကြေညာရမည်၊

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစား ပြင်ဆင်ရေး လုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာ အကောင်အထည်ဖော် ဆောင်ရွက်ရမည်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီး ဌာနသို့ တင်ပြသည့် နေ့ရက်မှ(၁၀)ရက်အတွင်း အမျိုးသားလုံခြုံရေး ဆိုင်ရာ ကိစ္စရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင် လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူ စုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင် လည်းကောင်း အများပြည်သူသိရှိနိုင်စေရန်တင်ပြရမည်။ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံ နိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီးနောက် (၁၀) ရက်အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ဆောင်ရွက်ရမည်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့်လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်းလုပ်ငန်းခွင် နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက်ကြည့်ရှုနိုင်ရေး ခွင့်ပြုရမည်၊

(၇) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင် ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့် အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်း ဝင်ရောက်နိုင်ရေး ခွင့်ပြုရမည်၊

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ... ပြည်ထောင်စု ဝန်ကြီးရုံး

(ဂ) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့် လေနမူနာများရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဂျစ်တယ်စာတွဲများအပါအဝင် စာရွက်စာတမ်း အထောက်အထား များကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်း အပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရမည်၊

(ဃ) ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင် စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များ ကျခံခြင်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံး လုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှ ကျခံရမည်။

## သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များ

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ဖော်ပြပါ အချက် တို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းသည် ထုတ်ပေးသည့် နေ့ရက်မှစ၍ (၅)နှစ်ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်း မကုန်ဆုံးမီ (၆)လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ (၂) နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင် ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း(၃၀)ထက် နောက်မကျစေဘဲ ဤဦးစီးဌာနသို့ စာဖြင့် သတင်းပို့ အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်းမရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလ မည်မျှ လိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့် ကာလအတွက် အချိန် တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့် ကိစ္စမှတစ်ပါး ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် ရရှိပြီး (၂) နှစ် အတွင်း စီမံကိန်းကို ထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်း မပြုလျှင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အသစ်ပြုလုပ် တင်ပြရမည်၊

(ဃ) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန် ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာ ဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ် ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှု မရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို မူလ အတည်ပြုခဲ့သည့် အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများရှိခြင်း၊

(၄) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များ ထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သောနည်းလမ်း အဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာ အပိုကုန်ကျစရိတ် မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

၉။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ။** ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့်

ဂေဟာစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ၏ အတည်ပြုချက်ဖြင့် ဤဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေးထည့်ဝင်ရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ ပြင်ဆင် တောင်းခံပါက ထည့်ဝင်ရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း ရန်ပုံငွေ ထူထောင် ထားရှိရမည်၊

(ဃ) စီမံကိန်းအဆိုပြုသူအနေဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ထည့်သွင်းဖော်ပြထားသည့် လျာထားအသုံး စရိတ်များနှင့် ပတ်သက်၍ သီးခြားငွေစာရင်းဖွင့်လှစ်ထားသော အထောက်အထား အချက်အလက်ဖြင့် ထည့်သွင်းဖော်ပြရမည်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ဤလက်မှတ်ပါ လုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှု ပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့်အဆိုပြုထားသောလွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက် အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်း အဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်းပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်

ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံး တို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

.......................................................................................................